# ယဉ်ကျေးမှုအနုပညာ ရွှေကူတံကဲတော်မှာ

စန္ဒာအေး[၁]


## စာတမ်းအကျဉ်း

ဤစာတမ်းသည်မကွေးတိုင်းဒေသကြီးပခုက္ကူမြို့ရွှေကူမြတ်စွာဘုရားရှိ ရွှေကူတံကဲတော်မှ အနုပညာလက်ရာများကို လေ့လာတင်ပြထားသော စာတမ်းဖြစ်ပါသည်။ ရွှေကူတံကဲတော်ကို ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးမိသားစုတစ်စုကဗုဒ္ဓဘာသာ သာသနာကို ထိန်းသိမ်းစောင့်ရှောက်လိုသော မွန်မြတ်သော စိတ်ဖြင့်လည်းကောင်း၊ အညာရပ်ဒေသ တစ်ခုမှ ပန်းပုအနုပညာလက်ရာကောင်းများ ထုလုပ်ဖန်တီးထား သည်ကို အများသိရှိစေလို၍ လည်းကောင်း၊ လုပ်ထားခြင်းဖြစ်သည်ဟု ယူဆနိုင်ပါသည်။ ထိုတံကဲတော်ကို ကိုလိုနီခေတ်ဦးတွင် စတင်ထုလုပ်ခဲ့ပြီးငင်း၌ ဇဗ္ဗဝင်လာဇာတ်တော်များကို ဇာတ်ခန်းစဉ် အလိုက် အချို့ဇာတ်ရုပ်များကို ယူ၍ ထုလုပ်ထားပုံ၊ ပန်းပုပညာရေး အင်္ဂါရပ်များ ဖြစ်သော ကနုတ်၊ နာရီ၊ ကပီ၊ ဂစာများနှင့် ညီညွတ်မျှတပုံတို့ကို ရေးသား တင်ပြထားပါသည်။

**သော့ချက်ဝေါဟာရများ** – ပန်းပု၊ ပလ္လင်တံကဲ၊ ရွှေကူတံကဲတော်။


## နိဒါန်း

ပန်းပုပညာသည် ယေဘုယျအားဖြင့် သစ်သားကို ဓား၊ စူး၊ ဆောက်တို့ဖြင့် ပိုင်းဖြတ်ထုဆစ်၍ လိုအပ်သောပုံကို သက်ရှိသဖွယ် အသက်ဝင်လာအောင် လက်မှုပညာနှင့် အနုပညာစိတ်ကူးဉာဏ် ပေါင်းစပ်ရသော လုပ်ငန်း ဖြစ်သည်။ မြန်မာ့ရိုးရာပန်းပုအနုပညာသည် မြန်မာလူမျိုးဟူ၍ ပေါ်ပေါက်လာကတည်းက ပေါ်ထွန်းခဲ့ကြောင်း စာပေသမိုင်းမှတ်တမ်းများအရသိရှိရပါသည်။ ထိုတွင် ပန်းပုအနုပညာလက်ရာအဆင့်အနေနှင့်လည်း ကမ္ဘာ့ပန်းပု လောက၌ပင် ရင်ဘောင်တန်းနိုင်သည်အထိ မြင့်မားခဲ့သည်ကို ယနေ့ ကြွင်းကျန်နေသော မြန်မာ့ပန်းပု လက်ရာများက သက်သေခံနေသည်ကို တွေ့ရှိရပါသည်။ ထိုလက်ရာများအနက် မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့ ရွှေကူဘုရားရှိ ရွှေကူတံကဲတော်မှ မြန်မာ့ပန်းပုလက်ရာသည်လည်း တစ်ခုအပါအဝင်ဖြစ်ပါသည်။ ဤသည်ကို စာပေယဉ်ကျေးမှု သုတေသီတို့က စာပေနှင့်မှတ်တမ်းတင်ကာ ကျမ်းတစ်စောင်ပေတစ်ဖွဲ့အနေနဲ့ ပြုစုရေးသား ခဲ့ကြသည်ကိုလည်း ယနေ့မျက်မှောက်တွင် အထင်အရှားတွေ့မြင်နေရပါသည်။

ထိုသို့သော ရွှေကူတံကဲတော်ကြီး၏ မျက်မှောက်ကျော်ကြားမှုကို ကြည့်ရှုဆင်ခြင်၍ မြန်မာ့ယဉ်ကျေးမှု အနုပညာလက်ရာအစွမ်းကို ဂုဏ်ယူတတ်စေရန်၊ ပန်းပဲပညာတန်ဖိုးကို အလေးအနက်ထားတတ်စေရန် ကမာကျော် အနုပညာဖြစ်စေခဲ့သည့် မြန်မာ့လက်ရာများကို တန်ဖိုးထားတတ်စေရန် ရည်ရွယ်ကာ ဤစာတမ်းကို ပြုစုရခြင်း ဖြစ်ပါသည်။

## ၁။ ယဉ်ကျေးမှုအနုပညာရွှေကူတံကဲတော်မှာ

မြန်မာ့မြေပေါ်တွင် ပန်းဆယ်မျိုးဝင် ပန်းပုပညာရပ်ပေါ်ထွန်းခဲ့သည်မှာ ကာလကြာခဲ့ပြီ ဖြစ်သည်။ မြန်မာ့သမိုင်းနှင့်အတူ မြန်မာ့ပန်းပုသမိုင်းကြောင်းသည်လည်း သက်တမ်းရှည်ကြာ

[၁] ဒေါက်တာ၊တွဲဖက်ပါမောက္ခ၊မြန်မာစာဌာန၊ ဒဂုံတက္ကသိုလ်။

ခဲ့ပြီဖြစ်သည်။ မြန်မာနိုင်ငံသည် အိန္ဒိယနှင့် တရုတ်နိုင်ငံကြီး နှစ်နိုင်ငံဆက်ကြားတွင် တည်ရှိလေရာ မြန်မာ့ယဉ်ကျေးမှုသည်လည်း ယင်းနိုင်ငံကြီး နှစ်နိုင်ငံ၏ ယဉ်ကျေးမှု လောင်းရိပ်နှင့် ကင်းသည်ဟု မဆိုနိုင်ပါ။ အထူးသဖြင့် ဗုဒ္ဓသာသနာနှင့်တကွ စာပေ၊ ဂီတ၊ ပန်းချီ၊ ပန်းပု အစရှိသည့် ယဉ်ကျေးမှုအနုပညာရပ်များ၏ ရာခိုင်နှုန်းအတော်များများကို အိန္ဒိယနိုင်ငံမှရရှိလေရာ ရှေးဟောင်း ပျူ၊ ဗမာနှင့် မွန်တို့၏ ရိုးရာယဉ်ကျေးမှုတွင် အိန္ဒိယယဉ်ကျေးမှု အငွေ့အသက်များ လွှမ်းမိုး ခဲ့ပါသည်။

သို့သော် မြန်မာလူမျိုးတို့သည် မြန်မာ့ယဉ်ကျေးမှု အနုပညာများကို ဖန်တီးထုဆစ်ရာတွင် မြန်မာပီသသော၊ မြန်မာဆန်သော လက်ရာများအဖြစ် ကိုယ်ပိုင်အနုပညာရရှိအောင် ဆောင်ရွက်နိုင်ခဲ့ကြပါသည်။

## ၁၊ ၁။ ပလ္လင်တံကဲပန်းပုအနုပညာလေ့လာချက်

အနုပညာသည် စိတ်ကူးဖြင့် ဖန်တီးရသော သိမ်မွေ့သည့် အတတ်ပညာဖြစ်သည်။ အဆို၊ အတီး၊ အက၊ ပန်းချီ၊ ပန်းပု စသော ပညာရပ်များလည်း ပါဝင်ပါသည်။ ပန်းချီ၊ ပန်းပု စသော ပန်းဆယ်မျိုးအနုပညာသည် စိတ်ကူးဉာဏ်နှင့် လက်တွေ့ပေါင်းစပ်ဖန်တီးရသော လက်မှုအတတ်ပညာဖြစ်သည်။ ပန်းဆယ်မျိုးဟုခေါ်သော လက်မှုအတတ်ပညာ ဆယ်မျိုးမှာ ပန်းပဲ၊ ပန်းတိမ်၊ ပန်းတဉ်း၊ ပန်းတော့၊ ပန်းတမော့၊ ပန်းရန်၊ ပန်းပု၊ ပန်းပွတ်၊ ပန်းချီ၊ ပန်းယွန်းတို့ ဖြစ်သည်။ ဘုရားမတင်၊ နတ်မဝင်၊ လူတွင်ပန်းဆယ်မျိုးဟု ဆိုရိုးပြုကြသလို၊ ပဲ၊ တိမ်၊ တဉ်း၊ တော့၊ မော့၊ ရန်၊ ပု၊ ပွတ်၊ ချီ၊ ယွန်းဟုလည်း အတိုကောက်မှတ်သားကြသည်။

ပန်းပုသည် သစ်သား၊ ဆင်စွယ် စသည်တို့ကို ရုပ်လုံး၊ ရုပ်ကြွ ထွင်းထုသော အတတ်ပညာဖြစ်သည်။ ဘုရားဆင်းတုတော်များနှင့် ရဟန္တာပုံတော်များမှသည် ယောက်မ၊ လှည်းဦး၊ ငှက်ရုပ်၊ အုန်းမောင်း၊ သောက်ရေခွက်၊ အုန်းမှုတ်လက်ကိုင်များ၊ ပြဿဒ်၊ ထုပိကာ၊ ဒုယင်း၊ ပန်းဆွဲကနုတ် အမျိုးမျိုးကိုပြုလုပ်ကြသည်။

မြန်မာနိုင်ငံသည် ဗုဒ္ဓသာသနာကို အကြောင်းပြု၍ ဗုဒ္ဓစာပေယဉ်ကျေးမှုပြန့်ပွားလာခဲ့ခြင်းနှင့် အတူ လက်မှုအတတ်ပညာဖြစ်သော မြေစိုက်စေတီ၊ ပုထိုး၊ ဂူ၊ ကျောင်း၊ သိမ်၊ ဇရပ် ဆောက်လုပ်မွမ်းမံမှုအတတ်ပညာများ ပေါ်ထွန်းလာသည်။ ထိုမှတစ်ဆက်တည်း ဆင်းတု၊ ရုပ်တု၊ ပန်းချီ၊ ပန်းပု၊ ပန်းရန၊ ဗိသုကာ ထုလုပ်ရေးချယ် သွန်းလောင်းမှုအတတ်ပညာများလည်း ထွန်းကားခဲ့သည်။ ဗုဒ္ဓသာသနာကို အကြောင်းပြု၍ ပန်းချီ၊ ပန်းပု အစရှိသည့်ပန်းဆယ်မျိုးဝင် အနုပညာရပ်တို့သည် ပုဂံခေတ်၌ ဝေဝေဆာဆာ ပေါ်ပေါက်လာသည်ကို လေ့လာသိရှိရသည်။

မြန်မာတိုင်းရင်းသားတို့၏ ရိုးရာပန်းချီ၊ ပန်းပု၊ ပန်းပဲ စသည့်ပညာရပ်တို့သည် အိမ်နီးချင်းနိုင်ငံ အိန္ဒိယမှုနှင့် ပေါင်းစပ်ထိတွေ့သောအခါ ပို၍ဖွံ့ဖြိုးလာသည်။ ဖွံ့ဖြိုးခြင်းနှင့်အတူ ပညာသည် လုပ်သားများ ပေါ်ပေါက်လာသည်ကို တွေ့ရှိရသည်မှာ "ပန်းပုလက်ခ စပါး ၁၀၀"[၁] ဟု ပုဂံညောင်ဦးမြို့၊ အနောက်မျက်နှာတံတိုင်းပြင် စောင်းတန်းမြောက်ဘက်ရှိ ၇၃၇ နှစ်ထိုး ကျောက်စာအရ ပုဂံခေတ်တွင် ပန်းပုအနုပညာသည်များသည် အခကြေးငွေ ထိုက်တန်စွာရသည်ဟု လေ့လာတွေ့ရှိရပါသည်။

အင်းဝခေတ်တွင် မြန်မာပန်းပုပညာသည် သာသနိကအဆောက်အဦများတွင်သာမက နန်းတော်၊ အိမ်တော်၊ အခန်းခန်းတွင် မွမ်းမံဆင်ယင်ခဲ့သည်ကို ရှင်မဟာသီလဝံသ၏ နန်းဖွင့်မော်ကွန်း၌ –

"ဖြူးဖြူးကြငှန်း၊ တည်သည့်နန်းမူ၊ သွန်းသွန်းသွယ်မြိုက်၊
ဆယ်ချောင်းစိုက်၍၊ လိုက်လိုက်လွန်းခင်၊

[၁] မင်းနိုင်၊ ဦး၊ ယဉ်ကျေးမှုမိတ်ဆက် (၁၉၉၀ စာပေဗိမာန်၊ စာ– ၁၀၂)

တင်တုမ်ယောက်ထုတ်၊ မှန်အုပ်စနတ်၊ ခုံနေသတ်၍..."[၁]

ဟုဆိုထားပါသည်။ ကုန်းဘောင်ခေတ်တွင် ပန်းချီ၊ ပန်းပုပညာသည် နယ်ပယ်ကျယ်ပြန့်လာပြီး၊ အရပ်သူ၊ အရပ်သားများသာမက နန်းတွင်းအထိ အဆင့်မြင့်မားလာသည်။ ကုန်းဘောင်ခေတ်လက်ရာ အဖြစ် ကျန်ရှိခဲ့သည့် ရွှေနန်းတော်ကျောင်း၊ မြတောင်ကျောင်း၊ ကင်းဝန်မင်းကြီး၏ သာကဝန်ကျောင်း တို့တွင် ပန်းပုရုပ်တုရုပ်လုံး ရုပ်ကြွအမျိုးမျိုးတို့ဖြင့် တန်ဆာဆင်ထားသည်ကို တွေ့ရှိရသည်။

ပန်းပုသည် ပန်းချီနှင့်တွဲလျက်ရှိသော လက်မှုပညာဖြစ်ပါသည်။ ပန်းချီအခြေခံနှင့်ပေါင်းစပ်မှ ပန်းပုပညာ၏ အစွမ်းထက်မြက်မှုကို ရနိုင်သည်ဟုလည်း ဆိုနိုင်ပါသည်။ မြန်မာ့ရိုးရာပန်းပုပညာတို့၏ ဖွဲ့စည်းမှု သည် "ကနုတ်၊ နာရီ၊ ကပီ၊ ဂဇာ" ဟူသော အမာခံကျောရိုးလေးခုပေါ်တွင် မူတည်နေသည်ကို–

"လောကသမုတ်၊ ကနုတ်နာရီ၊ ကပီ၊ ဂဇာ၊

ဂုဏ်ပညာလည်း၊ ခဲရာခက်ညို၊ ထုတ်ချင်းလျှိုမျှ၊

ရွှေကိုယ်တော်ပြု၊ ပဋ္ဌာစိတ်ကြ၊ စသည့်ရေးသား"[၂]

ဟု သာယာဝတီမင်းလက်ထက်၊ ဒုတိယနဝဒေးစာဆို၏ ရဲတင်းမော်ကွန်းတွင် တွေ့ရသည်။

ကနုတ်ဟူသည် ကြာပွင့်၏အမျိုးမျိုးသော ပုံစံကို ထုလုပ်ခြင်းဖြစ်သည်။ နရီသည် အမျိုးသမီးကို ဆိုလိုသော်လည်း လူ၊ မိန်းမ၊ နတ်၊ ဘုရင်၊ မိဖုရား၊ မင်း၊ မှူးမတ်ကြီး စသည့် ရုပ်စုံရုပ်တုများကို ဆိုလိုသည်။ ကပီသည် နဂါး၊ ဂဠုန်၊ ကုမ္ဘဏ်၊ ယက္ခ၊ မနုဿီဟ၊ ပဉ္စရူပ စသည့် တိရစ္ဆာန်တို့ပုံဖြစ်သည်။ ဂဇာသည် ဆင်၊ မြင်း၊ ကျွဲ၊ နွား၊ ကျား၊ ကျားသစ်၊ ခြင်္သေ့တို့ကို ဆိုလိုသည်။

ဤသို့ဖြင့် အခြေခံပန်းပုလက်မှုအနုပညာကို ပဓာနပြု၍ တံကဲအနုပညာကို တွေ့ရှိရပါသည်။ တံကဲဟု ဆိုရာတွင် ပလ္လင်နှင့်တွဲစပ်၍ ပလ္လင်တံကဲဟု ဆိုစမှတ်ပြုကြသည်။ ပလ္လင်ဟူသည် အလေးအမြတ်ပြုအပ်သော ပုဂ္ဂိုလ်တို့ထိုင်ရန် မွမ်းမံထားသည့် ခုံမြင့်ဟု မြန်မာအဘိဓာန်အကျဉ်းချုပ်၌ ဆိုထားပါသည်။ ဗုဒ္ဓသာသနာတော်လာ ဘုရား၊ ဆင်းတုတော် စံမြန်းထိုင်တော်မူရာ အပရာဇိတ ရတနာပလ္လင်မှစ၍ ဘုရင်မင်းမြတ်တို့ ထိုင်သော ရာဇပလ္လင်ဟူ၍ရှိသည်။ မင်းခမ်းတော်တွင်ပလ္လင်၈ ပါး ရှိပြီး ထိုပလ္လင်၏နောက်ခံအမှီ သို့မဟုတ် နောက်ခံအရာကို တံကဲဟုခေါ်သည်။ သို့ဖြစ်၍ ပလ္လင်သည် အလေးအမြတ်ပြုသော အခံခုံမြင့်ဖြစ်၍ တံကဲဆသည်မှာ အမှီအကပ်တန်ဆာ၊ အပြောက်အမွမ်း ဖြစ်သည်ဟု ဆိုနိုင်ပါသည်။

ပလ္လင်တံကဲ၌ ပန်းနွယ်၊ ပန်းခက်များအကြား ဆီလျော်လိုက်ဖက်သော ဇာတ်နိပါတ်တော်ပါ ကောင်းနိုးရာရာ ဇာတ်လမ်းတစ်ခုမှ နှစ်သက်ရာအခန်းပုံဖော်၍ ပန်းပုရုပ်လုံးများကို ထုဆစ်ထည့်သွင်း ကြသည်။ သုံးထပ်၊ ငါးထပ်၊ ရှစ်ထပ်ပါ ပန်းနွယ်ကို အလွှာအပါးအလိုက် လက်ရာအနုစိပ်ပုံ ဖော်ထုဆစ်ကြသည်ကို တွေ့ရပါသည်။

### ၁၊ ၂။ ရွှေကူတံကဲပန်းပုအနုပညာလေ့လာချက်

မြန်မာနိုင်ငံတစ်ဝန်းတွင် ရှေးဟောင်းပန်းပုလက်ရာများစွာ တည်ရှိရာ၌ သူ့နေရာနှင့်သူ သူ့ပန်းပုနှင့်သူ့လက်ရာများ ထင်ရှားကျော်ကြားခဲ့သည်ဖြစ်သော်လည်း ပခုက္ကူမြို့ရှိ ရှေးဟောင်းသမိုင်းဝင် သီဟိုဠ်ရှင်မြတ်စွာဘုရား၊ ရွှေကူ မြတ်စွာဘုရားနှင့် ရွှေတန့်တစ်မြတ်စွာဘုရားတို့ ကိန်းဝပ်ရာ ပလ္လင်တံကဲတော်များကို ထုလုပ်ထားသည့် ပန်းပုလက်ရာများမှာ မြန်မာသာမက

[၁] မင်းနိုင်၊ ဦး၊ ယဉ်ကျေးမှုမိတ်ဆက် (၁၉၉၀ စာပေဗိမာန်၊ စာ– ၁၀၂)

[၂] မင်းနိုင်၊ ဦး၊ ယဉ်ကျေးမှုမိတ်ဆက် (၁၉၉၀ စာပေဗိမာန်၊ စာ– ၁၀၂)

ကမ္ဘာသို့တိုင် ကျော်ကြားခဲ့သည်ကို တွေ့ရှိရပါသည်။ ထိုမှ ပန်းရှစ်ထပ်ပါ ရွှေကူဘုရားရှိ ရွှေကူတံကဲတော်အနုပညာ လက်ရာများကို လေ့လာတင်ပြသွားပါသည်။

ယခုအခါ ပခုက္ကူမြို့လယ်၌ တည်ရှိသော ရွှေကူမြတ်စွာဘုရားသည် သက္ကရာဇ် ၄၅၄ ခုနှစ်တွင် အလောင်းစည်သူမင်းကြီး တည်ထားခဲ့သော ဘုရားစေတီဖြစ်သည်ဟု သမိုင်းမှတ်တမ်းများ၌ ဖော်ပြထားပါသည်။ မူလကစေတီငယ်သာဖြစ်ပြီး နောင်မှငင်းစေတီကို ပုံမပျက်စေဘဲ လှေသူကြီး တစ်ဦးက စတင်ဦးဆောင်၍ အများကောင်းမှုအဖြစ် တည်ထားကိုးကွယ်ခဲ့သော ဘုရားဖြစ်ပါသည်။

ထိုဘုရားအတွင်း၌ မြန်မာသက္ကရာဇ် ၁၂၆၉ ခုနှစ်၊ တပေါင်းလဆုတ် ၃ ရက် (၄–၃–၁၉၀၈) က ဒေါ်ဓိုးဓံ ဟူသောဒါယိကာမတစ်ဦးက တံကဲတော်ပြုလုပ်ရန် ဆန္ဒရှိသည်နှင့်အညီ ပခုက္ကူမြို့၊ ရွှေကူ အရှေ့ရပ်၊ ပန်းစွာလမ်း တိုက်နံပါတ် ၆၀ နေ ဦးဖြန်ဝါး၊ ဒေါ်ခင်ကော့ ခေါ် ဒေါ်လှမြင့်တို့အိမ်တွင် နေခဲ့သော ပန်းပုဆရာကြီး ဦးကံကြီးနှင့် ၎င်း၏သား ကိုတေတို့ကို တန်ဖိုးလက်ခငွေ ၄၀၀၀ ကျပ်ဖြင့် ထုလုပ်စေကာ ရွှေကူဘုရား ဆင်းတုတော်သီတင်းသုံးရန် လှူဒါန်းခဲ့သည်။ အချိန်ကာလအားဖြင့် လေးလခန့်ကြာခဲ့သည်။ တစ်ဖန် ဒေါ်ဓိုးဓံ၏သမီး၊ ဒေါ်သစ်၏ ညီမအရင်း ဒေါ်မြစ်ကား တံကဲ ပန်းပုတော်၏ ဇာတ်ရုပ်စုံတို့တွင် မှေးမှိန်နေသော ရုပ်တု၊ ရုပ်လုံး၊ ရုပ်ကြွအားလုံးတို့ကိုလည်း ထပ်ဆင့်၍ အရောင်တူဆေးများဖြင့် ၁၃၀၈ ခုနှစ်၊ ဝါခေါင်လဆန်း ၁၃ ရက်နေ့က ပန်းချီခငွေ ၁၅၀၀ ကျပ်ပေး၍ မွမ်းမံခဲ့သည်။

တံကဲတော်သည် အမြင့် ၁၂ ပေ၊ ၁၀ လက်မ ရှိ၍ အလျား ၅ ပေ ၁၀ လက်မရှိပြီး ထု ၈ လက်မဖြစ်သည်။ ယမနေသစ်သားတုံးငါးတုံးပေါ်တွင် ပန်းရှစ်ထပ်နှင့် နိပါတ်တော်လာ ဇာတ်ထုတ် လေးထုတ်မှ သင့်နိုးရာရာ ဇာတ်ခန်း ကိုးခန်းကို ရုပ်လုံး၊ ရုပ်ခုံး၊ ရုပ်ကြွ၊ သဏ္ဍာန်ပုံ သုံးမျိုးသုံးစား အပါအဝင် ကနုတ်၊ ခြူးနွယ်၊ ဘင်္ဂါလီခြစ်ပန်း၊ ထုပန်းတို့အပြင် စနူပေါက်လက်ရာ အစိပ်အကျဲ စုံလင်စွာဖြင့် အနုစိတ် ထုဆစ်သရုပ်ဖော်ထားသည်။

ထိုတွင ဒေဝါရောဟဏပါ ဇာတ်ခန်းနှစ်ခု၊ နေမိဇာတ်ပါ ဇာတ်ခန်းတစ်ခု၊ သာဓိနဇာတ်ပါ ဇာတ်ခန်းတစ်ခု ဗိမ္ဗိသာရဇာတ်ပါ ဇာတ်ခန်းရှစ်ခုတို့ဖြင့် တန်ဆာဆင်ထားသည်။

ဇာတ်ခန်း(၁)တွင် ရုပ်တု၊ ရုပ်ကြွ ၂၁ ရုပ်ဖြင့် ထုလုပ်ထားသည်။ ဇာတ်ခန်း (၂) တွင် အပေါ်ထိပ်ဆုံး ရှေ့တည့်တည့်ရှိ မြစောင်းတန်းအဆုံး၌ သင်္ကဿနဂိုရ်ပြည်ရှိ မင်းနှင့်ပြည်သူတို့က လက်ယာတော်ရံ ရှင်သာရိပုတ္တရာ မထေရ်နှင့် လက်ဝဲတော်ရံ ရှင်မောဂ္ဂလာန်မထေရ်တို့ထံ ဘုရားသခင်ကြွရောက်လာမည့် နေ့ကို မေးမြန်း လျှောက်ထားနေဟန် ဖြစ်သည်။ ရုပ်လုံး၊ ရုပ်တု ၃၃ ရုပ် ပါဝင်သည်။

ဇာတ်ခန်း(၃)တွင် နေမိဇာတ်ကို ဖော်ပြထားသည်။ တံကဲတော်လက်ရာပန်းချီ ပုစွန်တုပ်ကွေး အထက်၌ မာတလိနတ်သားက မြင်းသုံးကောင်ကိုကော့၍ကပြီး နေမိမင်းကြီးအား တရားဟောရန် အတွက် နတ်ပြည်သို့ ပန်းရထားဖြင့်ပင့်ဆောင်တော်မူဟန်ဖြစ်သည်။ ရုပ်လုံး၊ ရုပ်ကြွ ၅ ရုပ် ပါဝင်သည်။

ဇာတ်ခန်း(၄)တွင် သာဓိနဇာတ်ကို ဖော်ပြထားသည်။ တံကဲတော်၏ လက်ဝဲဘက်ရှ ပုစွန်တုပ်ကွေး၌ မာတလိ နတ်သားက မြင်းသုံးကောင်ကို ကော့၍ကပြီး သာဓိနမင်းကြီးအား တရားဟောရန်အတွက် နတ်ပြည်သို့ ပန်းရထားဖြင့် ပင့်ဆောင်သော အခန်းဖြစ်သည်။ ရုပ်တု၊ ရုပ်လုံး၊ ရုပ်ကြွ ၅ ခု ပါဝင်သည်။

ဇာတ်ခန်း(၅)တွင် တံကဲတော်လက်ရာဘက်အောက်ဆုံး၌ ဒေဝဒတသည် ရဟန်းအသွင်ကို ဆောင်၍ အဇာတသတ်မင်းသားကို ဖခင်ဗိမ္ဗိသာရမင်းကြီးအား လုပ်ကြံသတ်ဖြတ်ပြီး တိုင်းပြည် အုပ်ချုပ်ရန် ဖြားယောင်း အကြံပေးနေဟန်ဖြစ်သည်။ ရုပ်လုံး၊ ရုပ်ကြွ ၁၄ ခု ပါဝင်သည်။

ဇာတ်ခန်း(၆)တွင်အဇာတသတ်မင်းသားသည် ဒေဝဒတ်ရဟန်းဆုံးမသည့်အတိုင်း ဗိမ္ဗိသာရမင်းကြီးထံတွင် ထီးနန်းတောင်းယူနေသောဟန်ဖြစ်သည်။ ရုပ်လုံး၊ ရုပ်ကြွ ၁၇ ရုပ်ပါဝင်သည်။

ဇာတ်ခန်း(၇)တွင် ယင်းဇာတ်ခန်း၏အထက်နား၌ မြင်းနှစ်ကောင် မြူးကြွကော့ကစ၍ တိမ်ဝင္ဗာတွင် ပျံလွှားသည့် ဟန်ဖြင့် ဗိမ္ဗိသာရမင်းကြီးကို ဘဝကြွေးဆပ်ပြီးသောအချိန်၌ နတ်ပြည်သို့ ပင့်ဆောင်သော အခန်း ဖြစ်သည်။

ဇာတ်ခန်း(၈)မှာ ဇာတ်ခန်း (၅) ၏ အထက်နားတွင် ပုံဖော်ထုလုပ်ထားသော ဇာတ်ခန်းဖြစ်သည်။ သားတော် အဇာတသတ်မင်းသားက ခမည်းတော် ဗိမ္ဗိသာရမင်းကြီးကို နန်းတော်မှ ဆွဲချနေသော အခန်းဖြစ်သည်။ ရုပ်လုံးရုပ်ကြွ ၉ ခုပါဝင်သည်။

ဇာတ်ခန်း(၉)မှာ တံကဲတော်ပန်းပု၏ လက်ဝဲဘက်အလယ်တွင် သရုပ်ဖော်ထားသည်။ ဖခင် ဗိမ္ဗိသာရအား သားတော်အဇာတသတ်က ထောင်သွင်းအကျဉ်းချထားစဉ် အစာမကျွေး၊ ရေလည်းမပေးဘဲ ထားရာ မင်းကြီးသည် ဆာလောင်မွတ်သိပ်သောကြောင့် ဝေဒေဟီမိဖုရားကြီးက မြတ်ဘက်ဖြင့်စတုမဓူတို့ကိုသုတ်၍ ဆက်သရာ မင်းကြီးက မြတ်ဘက်ကို စုပ်မြိုနေဟန်ဖြစ်သည်။ ရုပ်လုံး ၄ ရုပ်ပါဝင်သည်။

ဇာတ်ခန်း(၁၀)အနေဖြင့် ဇာတ်ခန်း (၉) အောက်နားတွင် အဇာတသတ်မင်းသား၏ အာဏာသားများက ဗိမ္ဗိသာရမင်း၏ခြေဖဝါးကို ဓားဖြင့်ခွဲကာ ဆားနှင့်ပက်နေဟန်ဖြစ်သည်။

ဇာတ်ခန်း(၁၁)အနေဖြင့် အဇာတသတ်မင်းသည် မိမိ၏မိဖုရား၌ သားတော်လေးဖွားမြင်သည့်အခါ သားဟူသောအမှတ်ဖြင့် မိမိခမည်းတော် ဗိမ္ဗိသာရအား ထင်ထင်ပြတ်ပြတ်သိရှိသောကြောင့် ထောင်သွင်း၊ အကျဉ်းချထားသည့်အနေမှလွတ်စေဟု အမိန့်ပြန်သည့်အချိန်တွင် ဖခင်မင်းကြီးသည် နတ်ရွာစံကံတော်ကုန်တော် မူကြောင်း မှူးမတ်များက လျှောက်တင်ဟန် သရုပ်ဖော်ထားသည့် အခန်းဖြစ်သည်။

ဇာတ်ခန်း(၁၂)မှာ အဇာတသတ်မင်းသည် ဖခင်အပေါ်ပြုမိသည့်အပြစ်ကို သိသဖြင့် တမလွန်သို့ ပြောင်းကြွသော ဖခင်အား ဝန်ချတောင်းပန်လိုက်သည်နှင့် တစ်ပြိုင်နက် ဖခင်ဗိမ္ဗိသာရမင်းသည် နတ်ပြည်မှ မြင်းနှစ်ကောင် ကော့သော ကသောရထားဖြင့် ကြွရောက်လာ၍ သားအား ဆုံးမအပြီးတွင် မြတ်စွာဘုရား ကျောင်းတော်သို့သွားရန် မှာကြားသော အခန်းဖြစသည်။ ရုပ်တု၊ ရုပ်လုံး ၁၇ ခုပါဝင်သည်ကို လေ့လာ တွေ့ရှိရပါသည်။

## ခြုံငုံသုံးသပ်ချက်

မြန်မာ့ယဉ်ကျေးမှုအနုပညာတစ်ရပ် ပေါ်ပေါက်လာစေရန် ဖန်တီးသူ၏အတတ်ပညာသည် ခံစားမှုလည်း ပါဝင်ရမည်ဖြစ်သဖြင့် ဖန်တီးမှုစေတနာနှင့် အတတ်ပညာပေါင်းစပ်၍ အနုပညာဖြစ်လာလေသည်။ တံကဲထုလုပ်ခြင်း ပညာသည် ကြည့်ရှုသူ၏စိတ်ခံစားမှုကိုလည်း ပေးသည့်အတတ်ပညာဖြစ်သည်။ ထိုတံကဲတော် အတတ်ပညာကို လေ့လာရခြင်းဖြင့် ဇာတ်နိပါတ်တော်လာအကြောင်းအရာများသာမက တံကဲပညာရှင်၏ အနုပညာလက်ရာများကိုပါ လေ့လာတွေ့ရှိရ၍ မြန်မာ့ယဉ်ကျေးမှုအနုပညာ၏ အံမခန်းပုံကို ခံစားရပါသည်။

တံကဲတစ်ခုလုံး၏ အနုပညာလက်ရာများကိုကြည့်လျှင် ပန်းကနုတ်၊ ခြူးပန်းခြူးနွယ်၊ ကြာစွယ်၊ ကြာလိပ်တို့သည် အနုစိတ်ပီပြင်သလောက် နွဲ့နှောင်းသွဲ့ပျောင်းမှု၊ ကွေ့ကောက်တွန့်လိပ်ဆန်းကြယ်မှုတို့ဖြင့်လည်း ခန့်ခန့်လွင်လွင်ရှိသည်ကို တွေ့ရသည်။

ထို့အတူ ပါဝင်သော ဇာတ်တော်များမှ ဇာတ်ဆောင်များဖြစ်သည့် မင်း၊ မိဖုရား၊ မောင်းမမိဿံ၊ ဝန်ကြီး၊ မှူးမတ် တို့သာမက နတ်၊ သကြား၊ အာဇာနပါးကွက်သား၊ မြင်းများမှအစ အသက်ဝင်နေသည့်အလား ပီပြင် လှုပ်ရှားနေသည်ကို တွေ့ရသည်။

ဆေးရေးပန်းချီအနေနှင့်လည်း မှိန်ဖျော့ခြင်း၊ ဆေးသားမညီခြင်းများမရှိဘဲ သူ့နေရာနှင့်သူ တောက်ပ လင်းလက်နေခဲ့သည်ဟု မှတ်တမ်းများက ရေးသားခဲ့ကြသည်။ နှစ်ပေါင်း ၅၀ ကြာမှသာ မူလအရောင်အတိုင်း အတိအကျရရှိခဲ့အောင် ပြန်လည်ဆေးသုတ်ခဲ့သည်ဟု ဆိုသည်။

၎င်းသည် ပန်းပုပညာရှင်ကြီး ဆရာဦးကံကြီးနှင့် သားဆရာတေကြီးတို့၏ ပန်းချီပညာ၊ ပနးပုပညာ အစွမ်းကြောင့်ဖြစ်သည်ကိုသိနိုင်သကဲ့သို့ ထိုတံကဲတော်အား သာသနိကပစ္စည်း အဖြစ်နှင့်လည်းကောင်း၊ ရှေးဟောင်းပစ္စည်းအဖြစ်နှင့်လည်းကောင်း တရိတသေတန်ဖိုးထားကာ စောင့်ရှောက်ခဲ့သည့် ရွှေကူဘုရား၏ ခေတ်အဆက်ဆက်ဂေါပကများ၏ ထိမ်းသိမ်းစောင့်ရှောက်မှု ကောင်းသောကြောင့်ဟု ဆိုနိုင်ပါသည်။

## နိဂုံး

ပန်းဆယ်မျိုးအတတ်ပညာသည် ပျူခေတ်၊ ပုဂံခေတ်များကပင် ထွန်းကားခဲ့သော အနုပညာလက်ရာများ ဖြစ်သည်။ ထိုခေတ်လက်ရာများထဲမှ အချို့ကို မျက်မြင်ထင်ရှားတွေ့ရှိနိုင်သည်။ ရှေးရိုးအစဉ်အလာ အနုပညာထွန်းကားခဲ့သော သမိုင်းကြောင်းရှိသည့် လူမျိုးအဖြစ်လည်း ကမ္ဘာအလယ်တွင် ထည်ဝါစွာ ဂုဏ်ယူနိုင်ခဲ့သည်။ ထိုပန်းဆယ်မျိုးမှ ရွှေကူတံကဲတော် မြန်မာ့အနုပညာသည် အံ့မခန်းထင်ရှားသော ပညာဖြစ်သည်။ ပခုက္ကူမြို့သို့ ရောက်ရှိလာသော နိုင်ငံခြားခရီးသည်များ၊ အနုပညာလက်ရာလေ့လာရေးသုတေသီများသည် ရွှေကူတံကဲတော်ကို အထူးတလည် လာရောက် ကြည့်ရှုကြပြီး ကြည့်ရှုသူတိုင်းကလည်း အံ့သြဘနန်းဖြင့် လက်ဖျားခါလောက်အောင် လက်ရာ မြောက်သည့် စံအဖြစ် မှတ်ချက်ပြုခဲ့ကြစမြဲဖြစ်သည်။

အချုပ်အားဖြင့်ဆိုရသော် မြန်မာယဉ်ကျေးမှုအမွေအနှစ်များဖြစ်သည့်ပန်းဆယ်မျိုး အတတ်ပညာကို လက်ဆင့်ကမ်း ထိန်းသိမ်းစောင့်ရှောက်၍ ပန်းပုလက်ရာကောင်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နောင်လာ နောက်သားတို့ ထိန်းသိမ်းစောင့်ရှောက်ရမည့်တာဝန်မှာ အမျိုးသားရေးတာဝန်တစ်ရပ်ပင် ဖြစ်ပါသည်။

## ကျမ်းကိုးစာရင်း



### မြန်မာဘာသာ


တင်ဝင်း၊ ရေစကြို၊ (      )။ ရုပ်ပွားတော်အနုပညာနိဒါန်း၊ ရှင်မတောင်စာပေ။

မင်းနိုင်၊ ဦး။ (၁၉၉၀)။ ယဉ်ကျေးမှုမိတ်ဆက်၊ စာပေဗိမာန်။

ရဲလှ၊ မောင်။ (      )။ မြန်မာစာ၊ မြန်မာမှု ကောင်းကွက်လှကွက်များ၊ စာပေလောက။

လှိုင်ဝင်းဆွေ၊ (      )။ ပလ္လင်တံကဲ၊ စာပေဗိမာန်။

လှိုင်ဝင်းဆွေ၊ (၂၀၁၃)။ မြန်မာ့ရုပ်ပေါင်းစုအနုပညာ၊ စာပေဗိမာန်။